24 April 2019

IN BURMA, THE SAME STATE THAT PARDONS ALSO IMPRISONS

အစိုးရတစ်ရပ်တည်းက ထောင်လည်းချ၊ လွတ်ငြိမ်းလည်းပေး (သတင်းထုတ်ပြန်ချက်)

24 April 2019, London, UK – Burmese Muslims and ethnic Rohingya were among those missing from the more than 9, 000 prisoners pardoned last week by Burma's President Win Myint to mark the annual Thingyan festival.

၂၀၁၉၊ ဧပြီ ၂၄။ လန်ဒန်၊ ယူကေ။ သင်္ကြန်နှစ်သစ်ကူးအထိမ်းအမှတ်အနေဖြင့် မြန်မာနိုင်ငံတော်သမ္မတဦး ဝင်းမြင့်၏ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ပေးခဲ့သော အကျဉ်းသား ၉၀၀၀ကျော်တွင် မြန်မာမွတ်စလင်များနှင့် ရိုဟင်ဂျာလူမျိုးများ ပါဝင်ခြင်းမရှိကြောင်း တွေ့ရသည်။

The Burmese government regularly grants pardons—not to be confused with amnesty—to coincide with the Buddhist New Year, largely to those serving sentences for minor drug offenses. Only two political prisoners were sent home this year, according to the Assistance Association for Political Prisoners and multiple media reports. There are hundreds remaining behind bars.

မြန်မာအစိုးရအနေဖြင့် ဗုဒ္ဓဘာသာနှစ်သစ်ကူးနှင့်တိုက်ဆိုင်ပြီး မူးယစ်ဆေးမှုဖြင့်အကျဉ်းကျနေသူ အကျဉ်း သားအများအပြားကို လွတ်ငြိမ်းသက်သာခွင့်ပေးလေ့ရှိသည်။ ယခုနှစ်တွင် နိုင်ငံရေး အကျဉ်းသား ၂ ဦးသာ အိမ်ပြန်လာနိုင်ခဲ့ကြောင်းနှင့် ရာနှင့်ချီသော နိုင်ငံရေးသမားများ ကျန်ရှိနေသေး ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့(AAPP)နှင့် မီဒီယာများ၏ ဖော်ပြ ချက်အရ သိရသည်။

The Burma Human Rights Network (BHRN) reminds international actors that the practice of "New Year pardons" is itself indicative of the highly centralised power structure that persists in Burma. BHRN opposes a system in which those persecuted by the state are forced to rely on the "forgiveness" of this same state in order to be granted the freedom it took from them.

နှစ်သစ်ကူးလွတ်ငြိမ်းခွင့်ပေးခြင်းသည် ဗဟိုကချုပ်ကိုင်မှုစနစ်ကို မြန်မာနိုင်ငံတွင် ဆက်လက် လွန်ကဲစွာကျင့်သုံးနေခြင်း၏ ပြရုပ်ဖြစ်ကြောင်း နိုင်ငံတကာမှလှုပ်ရှားဆောင်ရွက်သူများကို BHRN က အသိပေးလိုသည်။ အစိုးရ၏ နှိပ်ကွပ်ဖမ်းဆီးခံရသူတို့မှာ သူတို့၏လွတ်လပ်မှုအတွက် ယင်းအစိုးရ၏ "ခွင့်လွှတ်ခြင်း"အပေါ်၌သာ အလွန်အမင်းမှီခိုအားထားနေရသည့် အဆိုပါစနစ်ကို BHRN မှ ဆန့်ကျင်သည်။

“The National League for Democracy government calls its pardons a humanitarian gesture. However, a greater show of humanity—and justice—would be to repeal discriminatory laws and to actively address the structural inequalities that cause thousands of vulnerable people to be imprisoned in the first place,” BHRN Executive Director Kyaw Win said.

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသည် လွတ်ငြိမ်းခွင့်ကို လူသားချင်းစာနာမှု၏ အရိပ် အယောင်အဖြစ်ပြနေသော်လည်း တကယ့်လူသားချင်းစာနာထောက်ထားမှုရှိစေရန်နှင့် တရားမျှတမှု ဖော်ဆောင်စေရန် ခွဲခြားဆက်ဆံမှုရှိသည့် ဥပဒေများကိုပယ်ဖျက်ရန်လိုအပ်တယ်။ ခုခံနိုင်စွမ်းမရှိသည့် ထောင်ပေါင်းများစွာသော ပြည်သူများကို ချက်ချင်းဖမ်းဆီးထောင်ချမှုများဖြစ်စေတဲ့ လုပ်နည်း လုပ်ဟန် အလွဲများ၊ မမျှတမှုများကိုလည်း အရေးတယူ ကိုင်တွယ်ဖြေရှင်းဖို့လိုပါတယ်" ဟု BHRN ၏ အမှုဆောင်ဒါရိုက်တာ ဦးကျော်ဝင်းက ပြောသည်။

These laws include Article 17(1) of the Unlawful Associations Act, Section 66(d) of the Telecommunications Law, the Peaceful Assembly Law, various sections of Burma’s colonial-era Penal Code, and the so-called “Protection of Race and Religion” Laws.

အဆိုပါဥပဒေများတွင် မတရားအသင်းဥပဒေ ပုဒ်မ ၁၇(၁)၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ၊ တချို့သော ကိုလိုနီခေတ်လက်ကျန် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မများနှင့် အမျိုးဘာသာစောင့်ရှောက်ရေးအမည်ခံ ဥပဒေများ ပါဝင်နေသည်။

It is unknown how many of Burma’s more than 90, 000 prisoners are Muslim or Rohingya, but members of these communities have long been singled out, detained and interrogated for being undocumented, with citizenship being systematically denied to them by the state.

ယခုနှစ်လွတ်ပေးလိုက်သော အကျဉ်းသား ၉၀၀၀ကျော်တွင် မွတ်စလင်(သို့မဟုတ်)ရိုဟင်ဂျာ မည်မျှ ပါဝင်သည်ကို မသိရပါ။ သို့သော်အဆိုပါအသိုင်းအဝိုင်းများသည် ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှုအား အစိုးရမှစနစ်တကျငြင်းပယ်မှုနှင့်အတူ ကာလရှည်ကြာကတည်းက စာရင်း၊အင်းမရှိ ကွက်၍ ဖမ်းဆီးခံ၊ စစ်ဆေးမေးမြန်းခံခဲ့ရသူများဖြစ်သည်။

Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London and operates across Burma/Myanmar works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role advocating for human rights and religious freedom with politicians and world leaders.

BHRNသည် လန်ဒန်အခြေစိုက်လူအခွင့်ရေးအဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံတဗှန်းရှိ လူနည်းစုအရေး၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် လူ့အခွင့်ရေးများကို လှုပ်ရှားဆောင်ရွက်နေသည့်အဖွဲ့ဖြစ်သည်။ BHRN သည် လူ့အခွင့်ရေးဆိုင်ရာ၊ ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာများအတွက် ကမ္ဘာ့ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့်အတူ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

Media Enquiries

Please contact:

Kyaw Win
Executive Director
Burma Human Rights Network
kyawwin78@gmail.com
+44(0) 740 345 2378